**သင့်ကိုယ်ရေးလုံခြုံမှုမှာ ကျွန်ုပ်တို့အတွက် အရေးပါလှပါသည်။** 'ပုဂ္ဂိုလ်ရေးရာ အတည်ပြုနိုင်သည့် အချက်အလက်' (PII) အား အွန်လိုင်းတွင် မည်သို့ အသုံးပြုနေသည်ကို စိတ်ပူပန်နေသူများအတွက် ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဤကိုယ်ရေးလုံခြုံမှု မူဝါဒအား စုစည်း၍ အပ်ဒိတ် လုပ်ထားခြင်းဖြစ်သည်။ အမေရိကန် ပြည်ထောင်စု ကိုယ်ရေးလုံခြုံမှု ဥပဒေနှင့် သတင်းအချက်အလက် လုံခြုံရေးတွင် ဖော်ပြထားသကဲ့သို့ PII ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး မည်သူမည်ဝါဖြစ်ကြောင်း၊ အဆက်အသွယ် သို့မဟုတ် တည်နေရာကို ကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် အခြားအချက်အလက်များဖြင့်သော်လည်းကောင်း အသုံးပြုနိုင်သည့် သတင်းအချက်အလက် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝဘ်ဆိုက်နှင့် *Count the Kicks* အရ ကျွန်ုပ်တို့မှ သင်မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားနိုင်သည့် အချက်အလက်များအား မည်သို့ စုဆောင်း၊ အသုံးပြု၊ ကာကွယ် သို့မဟုတ် လုပ်ကိုင်သည်ကို ရှင်းလင်းစွာ နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ ကိုယ်ရေးလုံခြုံမှု မူဝါဒကို သေချာဂရုစိုက်၍ ဖတ်ရှုပါ။

ကျွန်ုပ်တို့ ဝဘ်ဆိုက်နှင့် *Count the Kicks* အက်ပ်သို့လာရောက်သူများထံမှ မည်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များအား ကျွန်ုပ်တို့ စုဆောင်းပါသလဲ။

ကျွန်ုပ်တို့ အက်ပ်တွင် ပရိုဖိုင်တစ်ခု ပြုလုပ်သည့်အခါ သင့်လျော်သလို သင့်အမည်၊ အီးမေးလ် လိပ်စာ၊ စာပို့ သင်္ကေတ၊ ဖုန်းနံပါတ် သို့မဟုတ် သင့်အတွေ့အကြုံအကြောင်း ကူညီပေးနိုင်မည့် အခြား အသေးစိတ်အချက်များအား မေးမြန်းနိုင်ပါသည်။

ကျွန်ုပ်တို့ ဝဘ်ဆိုက်တွင် လှူဒါန်းမှု သို့မဟုတ် ပစ္စည်းများ မှာယူမှု ပြုလုပ်သည့်အခါ သင့်လျော်သလို သင့်အမည်၊ အီးမေးလ် လိပ်စာ၊ စာပို့ သင်္ကေတ၊ ဖုန်းနံပါတ် သို့မဟုတ် သင့်အတွေ့အကြုံအကြောင်း သို့မဟုတ် သင်ထောက်ကူပစ္စည်းများ ပို့နိုင်ရာတွင် ကူညီပေးနိုင်မည့် အခြား အသေးစိတ်အချက်များအား မေးမြန်းနိုင်ပါသည်။

မည်သည့်အချိန်တွင် အချက်အလက်များ စုဆောင်းပါသလဲ။

ကျွန်ုပ်တို့သည် သင်မှ ပရိုဖိုင်တစ်ခု ဖန်တီးသည့်အခါ သို့မဟုတ် ဝဘ်ဆိုက် သို့မဟုတ် အက်ပ် သို့မဟုတ် SMS စာပို့ခြင်းတွင် စာရင်းသွင်းသည့်အခါ ထည့်သွင်းသည့် အချက်အလက်များကို စုဆောင်းပါသည်။

သင့်အချက်အလက်များအား မည်သို့ အသုံးပြုသနည်း။

သင်မှ ပရိုဖိုင်တစ်ခု ပြုလုပ်သည့်အခါ၊ သတင်းလွှာများအတွက် စာရင်းသွင်းသည့်အခါ၊ SMS စာပို့ခြင်းအတွက် စာရင်းသွင်းသည့်အခါ၊ စစ်တမ်းတစ်ခု သို့မဟုတ် ဈေးကွက်မြှင့်တင်ရေး ပြောဆိုဆက်ဆံမှုတစ်ခုအား ဖြေဆိုသည့်အခါ သို့မဟုတ် တိကျသည့် အခြားဆိုက် အင်္ဂါရပ်များအား အသုံးပြုသည့်အခါတွင် သင့်ထံမှ စုဆောင်းထားသည့် အချက်အလက်များအား အောက်ပါနည်းလမ်းများအတိုင်း အသုံးပြုနိုင်ပါသည်-

- သင့်ဖောက်သည် ဝန်ဆောင်မှု တောင်းဆိုချက်ကို တုံ့ပြန်ရာတွင် ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ကျွန်ုပ်တို့ကို ခွင့်ပြုပေးရန်
- သင့်အတွေ့အကြုံအား စိတ်ကြိုက်လုပ်ဆောင်ရန်နှင့် သင်စိတ်အဝင်စားဆုံးဖြစ်မည့် အကြောင်းအရာအမျိုးအစားအား ပေးပို့ရန်အတွက် ခွင့်ပြုပေးရန်
- ပရိုမိုးရှင်း၊ စစ်တမ်း သို့မဟုတ် အခြား ဆိုက်အင်္ဂါရပ်တစ်ခုအား စီစဉ်ကြီးကြပ်ရန်
- ဝန်ဆောင်မှုများ သို့မဟုတ် ထုတ်ကုန်များအား အဆင့်သတ်မှတ်ပေးရန်နှင့် သုံးသပ်ချက်ပေးရန် တောင်းဆိုခြင်း
- သင်နှင့် ဆက်သွယ်မှု လုပ်ဆောင်အပြီးတွင် ဆက်လက်ဆက်သွယ်ရန် (အီးမေးလ်၊ စာသား သို့မဟုတ် ဖုန်းဖြင့် မေးမြန်းမှုများ)

သင့်အချက်အလက်များအား ကျွန်ုပ်တို့ မည်သို့ ကာကွယ်သနည်း။

ကျွန်ုပ်တို့ ဝဘ်ဆိုက်အား သင်မှ လာရောက်သည့်အခါတွင် တတ်နိုင်သမျှ ဘေးအကင်းဆုံး ဖြစ်စေရန်အတွက် လုံခြုံရေး အားနည်းချက်များနှင့် သိရှိထားသည့် အားနည်းမှုများအတွက် ပုံမှန် စစ်ဆေးပါသည်။ ကျွန်ုပ်တို့မှ ပုံမှန် မဲဝဲလ် စစ်ဆေးမှုအား အသုံးပြုထားသည်။

သင့်ပုဂ္ဂိုလ်ရေးရာ အချက်အလက်များတွင် လုံခြုံမှုနောက်ကွယ်မှ ကွန်ရက်များ ပါဝင်ပြီး ၎င်းတို့အား ထိုစနစ်များကို အထူး ဝင်ရောက်ခွင့်ရှိသော ကန့်သတ်ပုဂ္ဂိုလ်များသာလျှင် အသုံးပြုနိုင်ပြီး အချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းထားသည်။ ကျွန်ုပ်တို့သည် သုံးစွဲသူမှ ထည့်သွင်းလိုက်မှုများ၊ ပို့လိုက်မှုများ သို့မဟုတ် သင့်ပုဂ္ဂိုလ်ရေးရာ အချက်အလက်များ၏ ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းရန်အတွက် ၎င်းတို့ သတင်းအချက်အလက်များအား ဝင်ရောက်အသုံးပြုခြင်းတို့ လုပ်ဆောင်သည့်အခါတွင် လုံခြုံရေး စိစစ်မှုများကို လုပ်ဆောင်ပါသည်။

လွှဲပြောင်းမှုအားလုံးအား ဂိတ်ဝေး ပံ့ပိုးသူမှတစ်ဆင့်သာ လုပ်ဆောင်ပြီး ကျွန်ုပ်တို့ ဆာဗာများတွင် သိမ်းဆည်း သို့မဟုတ် လုပ်ဆောင်ထားခြင်း မရှိပါ။

အခြားပြင်ပ အဖွဲ့အစည်းထံ ထုတ်ဖော်ပြောကြားခြင်း

ကျွန်ုပ်တို့သည် သင့်မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်သည့် အချက်အလက်များအား အခြားပြင်ပ အဖွဲ့အစည်းများထံသို့ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် ဖလှယ်ခြင်း **မပြုလုပ်ပါ**။

အခြားပြင်ပ အဖွဲ့အစည်းလင့်ခ်များ

အခါအားလျော်စွာ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ဖြင့် ကျွန်ုပ်တို့အက်ပ်တွင် အခြားပြင်ပ အဖွဲ့အစည်းများ၏ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများအား ထည့်သွင်း သို့မဟုတ် ကမ်းလှမ်းနိုင်သည်။ ဤအခြားပြင်ပ အဖွဲ့အစည်း ဆိုက်များတွင် သီးခြားနှင့် သီးသန့် ကိုယ်ရေးလုံခြုံမှု မူဝါဒများ ရှိပါသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့တွင် ထိုကဲ့သို့ ချိတ်ဆက်ထားသည့် ဆိုက်များရှိ အကြောင်းအရာနှင့် လုပ်ဆောင်ချက်များအတွက် တာဝန် သို့မဟုတ် ဝတ္တရား မရှိပါ။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဆိုက်၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ရှာဖွေသွားမည်ဖြစ်ပြီး ဤဆိုက်များအကြောင်းနှင့် ပတ်သက်သည့် မည်သည့် တုံ့ပြန်မှုများကိုမဆို ကြိုဆိုသွားပါမည်။

ဥရောပ သမ္မဂ၏ အထွေထွေ ဒေတာ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်း (GDPR)

GDPR သည် 2018 ခုနှစ်? မေလ 25 ရက်မှ စတင်အကျုံးဝင်ခဲ့ပြီး ဥရောပ အသိုင်းအဝိုင်းတွင် ကျွန်ုပ်တို့ သုံးစွဲသူများနှင့် မည်သို့ ဆက်ဆံပုံအကြောင်း ထိန်းသိမ်းထားသည်။ GDPR နှင့် လိုက်လျောညီထွေမှုရှိစေကြောင်း သေချာစေရန်အတွက် အောက်ပါအဆင့်များအား လုပ်ဆောင်ထားသည်။

- GDPR- နှင့် လိုက်လျောညီထွေဖြစ်စေရန် ဤကိုယ်ရေးလုံခြုံမှု မူဝါဒကို မွမ်းမံထားသည်။
- ထိုမွမ်းမံချက်များအား ၎င်းတို့ကို အသိပေးရန်အတွက် ကျွန်ုပ်တို့ အီးမေးလ် စာရင်းသို့ အီးမေးလ် ဆက်သွယ်မှုများ ပို့သည်။
- မည်သည့် ဥရောပ သမဂ္ဂ ဒေတာ ကိုယ်ရေးမူဝါဒ ချိုးဖောက်မှုမဆိုအား ဥရောပ ထိန်းသိမ်းမှုအဖွဲ့အစည်းသို့ 72 နာရီအတွင်း တိုင်ကြားပါမည်။

- အကောင်းဆုံး လုံခြုံရေး အစီအစဉ်များဖြင့် စနစ်များနှင့် ဒေတာများကို လုံခြုံစေရန် လိုအပ်ချက်ဖြင့် ပေါင်းစည်းထားသည်။

- လူတစ်ဦးစီ၏ ပုဂ္ဂိုလ်ရေးရာ အချက်အလက်များ ဝင်ရောက်အသုံးပြုခွင့်၊ ပြုပြင်ခွင့်၊ ဖျက်သိမ်းခွင့်နှင့် ရွှေ့ပြောင်းခွင့်တို့အရ ပြုလုပ်သည့် တောင်းဆိုချက်များအား ကျွန်ုပ်တို့လက်ခံနိုင်စွမ်းရှိပါသည်။ သင့်ဒေတာများအား အချိန်မရွေး ထာဝရ ဖျက်သိမ်းရန် တောင်းဆိုနိုင်ပါသည်။ သင့်ဒေတာအား ဖျက်ရန် တောင်းဆိုလိုပါက info@countthekicks.org သို့ အီးမေးလ် ပို့နိုင်ပါသည်။

- ကျွန်ုပ်တို့အနေဖြင့် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးရာ ဒေတာအား လုပ်ဆောင်ရန် ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ရန် တောင်းဆိုချက်များအား လက်ခံနိုင်စွမ်းရှိပြီး ပုဂ္ဂိုလ်ရေးရာ ဒေတာ အလိုအလျောက် လုပ်ဆောင်ခြင်းတစ်ခုတည်းအပေါ် အခြေခံသည့် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို တားမြစ်နိုင်စွမ်းရှိပါသည်။

ကယ်လီဖိုးနီးယားပြည်နယ် အွန်လိုင်း ကိုယ်ရေးလုံခြုံမှု ကာကွယ်ရေး အက်ဥပဒေ

CalOPPA သည် ကိုယ်ရေးလုံခြုံမှု မူဝါဒတစ်ခုအား ပို့စ်တင်ရန် စီးပွားရေး ဝဘ်ဆိုက်များနှင့် အွန်လိုင်း ဝန်ဆောင်မှုများအတွက် လိုအပ်သည့် နိုင်ငံတွင်း ပထမဆုံး ပြည်နယ် ဥပဒေဖြစ်သည်။ CalOPPA အရ ကျွန်ုပ်တို့မှ အောက်ပါတို့ကို သဘောတူထားပါသည်-

- သုံးစွဲသူများအနေဖြင့် ကျွန်ုပ်တို့ အက်ပ်အား အမည်မသိအနေဖြင့် လာရောက်နိုင်ပါသည်။

- ဤကိုယ်ရေးမူဝါဒအား ကျွန်ုပ်တို့ ဝဘ်ဆိုက် www.countthekicks.org တွင် တွေ့ရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ရေးမူဝါဒ စာမျက်နှာတွင် မည်သည့် ကိုယ်ရေးမူဝါဒ အပြောင်းအလဲမဆိုအား အသိပေးထားပါသည်။

- သုံးစွဲသူများအနေဖြင့် ၎င်းတို့အကောင့်အား ဝင်ရောက်ခြင်းဖြင့် ပုဂ္ဂိုလ်ရေးရာ အချက်အလက်များကို ပြောင်းလဲနိုင်သည်။

ကျွန်ုပ်တို့ ဝဘ်ဆိုက်မှ ခြေရာမခံရေး အချက်ပြမှုများအား မည်သို့ ကိုင်တွယ်သနည်း။

ကျွန်ုပ်တို့မှ ခြေရာမခံရေး (DNT) ဘရောင်ဇာ ယန္တရားများ ထားရှိသည့်အခါ ခြေရာမခံရေး အချက်ပြများနှင့် ခြေရာမခံရေး၊ ပလန့် ကွတ်ကီးများ၊ သို့မဟုတ် ကြော်ငြာများ အသုံးပြုခြင်းကို လေးစားခွင့်ပြုပေးပါသည်။

ကျွန်ုပ်တို့မှ အခြားပြင်ပ အမှုအကျင့်ဆိုင်ရာ ခြေရာခံခြင်းအား ခွင့်မပြုထားပါ။

COPPA (ကလေးသူငယ် အွန်လိုင်း ကိုယ်ရေးလုံခြုံမှု ကာကွယ်ရေး အက်ဥပဒေ)

အသက် 13 နှစ်အောက်ကလေးငယ်များထံမှ ပုဂ္ဂိုလ်ရေးရာ အချက်အလက်များ စုဆောင်းရန်ဖြစ်လာသည့်အခါ ကလေးသူငယ် အွန်လိုင်း ကိုယ်ရေးလုံခြုံမှု ကာကွယ်ရေး အက်ဥပဒေ (COPPA) သည် မိဘများအား ထိန်းချုပ်နိုင်စေပါသည်။ ပြည်နယ်ဆိုင်ရာ ဖလှယ်မှု ကော်မရှင်၊ အမေရိကန် ပြည်ထောင်စု သုံးစွဲသူ ကာကွယ်ရေး အဖွဲ့အစည်းတို့မှ ဝဘ်ဆိုက်များနှင့် အွန်လိုင်းဝန်ဆောင်မှုများကို လုပ်ဆောင်နေသူများအနေဖြင့် အွန်လိုင်းတွင် ကလေးငယ်များ၏ ကိုယ်ရေးလုံခြုံမှုနှင့် ဘေးကင်းရေးတို့အတွက် လုပ်ဆောင်ရမည့်အရာများကို ဖော်ပြထားသည့် COPPA စည်းကမ်းများကို လိုက်နာစေပါသည်။

ကျွန်ုပ်တို့အနေဖြင့် အသက် 13 နှစ်အောက် ကလေးငယ်များကို ပစ်မှတ်ထား၍ ဈေးကွက်မပြုလုပ်ထားပါ။

မျှတသည့် သတင်းအချက်အလက် အမှုအကျင့်များ

မျှတသည့် သတင်းအချက်အလက် အမှုအကျင့်များသည် အမေရိကန် ပြည်ထောင်စု၏ ကိုယ်ရေးလုံခြုံမှု မူဝါဒ၏ နောက်ခံကျောရိုးဖြစ်ပြီး ၎င်းတို့တွင် ပါဝင်သော သဘောတရားများသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဒေတာ ကာကွယ်ရေး ဥပဒေများ ဖွံ့ဖြိုးတိုးတက်ရေးတွင် သိသာထင်ရှားသည့် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေပါသည်။ မျှတသည့် သတင်းအချက်အလက် အမှုအကျင့်များနှင့် ၎င်းတို့အား မည်သို့အကောင်အထည်ဖော်သင့်ပုံအား နားလည်သဘောပေါက်ခြင်းသည် ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များ ကာကွယ်သည့် အမျိုးမျိုးသော ကိုယ်ရေးလုံခြုံမှု ဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေရန် အရေးကြီးပါသည်။

မျှတသည့် သတင်းအချက်အလက် အမှုအကျင့်များနှင့် ကိုက်ညီစေရန် ဒေတာချိုးဖောက်မှုတစ်ခု ဖြစ်ပွားလာပါက ရုံးဖွင့်ရက် 1 ရက်အတွင်း အီးမေးလ်မှတစ်ဆင့် သင့်အား အသိပေးသွားပါမည်။

ကျွန်ုပ်တို့အနေဖြင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် တရားဥပဒေအတိုင်း မလိုက်နာသည့် ဒေတာ စုဆောင်းသူများနှင့် လုပ်ဆောင်သူများအား ဆန့်ကျင်၍ တရားဥပဒေအတိုင်း လုပ်ဆောင်ခွင့်ကို ပေးအပ်ထားသည့် လူတစ်ဦးတစ်ယောက်ချင်းစီအလိုက် နစ်နာကြေးပေးသည့် မူဝါဒကိုလည်း သဘောတူထားသည်။ ဤမူဝါဒအားဖြင့် တစ်ဦးတစ်ယောက်ချင်းစီသည် ဒေတာသုံးစွဲသူများအား ဆန့်ကျင်သည့် အသုံးပြုနိုင်သော ရပိုင်ခွင့်များ ရှိရန် လိုအပ်စေသည့်အပြင် တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့်

ဒေတာလုပ်ငန်းစဉ်အား မလိုက်နာသူများအား စုံစမ်းစစ်ဆေးရန် နှင့်/သို့မဟုတ် တရားစွဲရန် တရားရုံးများ သို့မဟုတ် အစိုးရ အဖွဲ့အစည်းများအား အားကိုးအားထားနိုင်ရန် လိုအပ်စေပါသည်။

CAN SPAM အက်ဥပဒေ

CAN SPAM အက်ဥပဒေဆိုသည်မှာ စီးပွားရေး လုပ်ငန်းသုံး အီးမေးလ်များအတွက် စည်းကမ်းများ သတ်မှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းသုံး မက်ဆေ့ချ်များအတွက် လိုအပ်ချက်များ စတင်လုပ်ဆောင်ခြင်း၊ လက်ခံသူများအနေဖြင့် ၎င်းအီးမေးလ်များအား လက်ခံရရှိခြင်းမှ ရပ်တန့်ခွင့်ပေးခြင်းနှင့် ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်များ ပေးခြင်းတို့ကို သတ်မှတ်ပေးသည်။

သင့်အီးမေးလ်လိပ်စာအား အောက်ပါအရ စုဆောင်းသည်-

- သတင်းအချက်အလက်များ ပေးပို့ရန်၊ စုံစမ်းမေးမြန်းမှုများ နှင့်/သို့မဟုတ် အခြား တောင်းဆိုမှုများ သို့မဟုတ် မေးခွန်းများအား တုံ့ပြန်ရန်
- ကျွန်ုပ်တို့ စာပို့စာရင်းသို့ အရောင်းမြှင့်တင်ရန် သို့မဟုတ် မူလ လွှဲပြောင်းမှုများ လုပ်ဆောင်အပြီးတွင် ကျွန်ုပ်တို့ ဖောက်သည်များထံသို့ အီးမေးလ်များ ပေးပို့ရန်။

CANSPAM အရ ကျွန်ုပ်တို့မှ အောက်ပါတို့အား သဘောတူထားသည်-

- မှားယွင်းသည့် သို့မဟုတ် လွဲမှားစွာ မှတ်ယူစေနိုင်သည့် အကြောင်းအရာ သို့မဟုတ် အီးမေးလ်လိပ်စာများအား အသုံးမပြုခြင်း။
- ကျိုးကြောင်းသင့်လျော်သည့် နည်းလမ်းအချို့ဖြင့် မက်ဆေ့ချ်အား ကြော်ငြာတစ်ခုအဖြစ် အတည်ပြုခွဲခြားထားခြင်း။
- ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင် ရုံးချုပ်များ၏ ပြင်ပတွင် အမှန်တကယ် တည်ရှိသည့် လိပ်စာထည့်သွင်းထားခြင်း။
- အခြားပြင်ပအဖွဲ့အစည်း၏ အီးမေးလ်ဖြင့် ပြုလုပ်သော အရောင်းမြှင့်တင်ရေး ဝန်ဆောင်မှုများကို အသုံးပြုထားလျှင် စည်းကမ်းလိုက်နာမှုရှိစေရန် ၎င်းကို စောင့်ကြည့်ထားခြင်း။
- ရွေးချယ်မှုမှ နုတ်ထွက်ခြင်း/ စာရင်းသွင်းမှု ရုတ်သိမ်းခြင်းတို့အား လျှင်မြန်စွာလုပ်ဆောင်ခွင့် ပေးထားခြင်း။

- အီးမေးလ်တစ်ခုစီအတွက် အောက်ခြေရှိ လင့်ခ်အား အသုံးပြုခြင်းဖြင့် သုံးစွဲသူများမှ နုတ်ထွက်နိုင်ရန် ခွင့်ပေးထားခြင်း။

နောက်ထပ် အီးမေးလ်များ လက်ခံရရှိခြင်းမှ နုတ်ထွက်လိုပါက သို့မဟုတ် ကိုယ်ရေးလုံခြုံမှု မူဝါဒအကြောင်း မည်သည့်မေးခွန်းမဆို ရှိပါက info@countthekicks.org မှတစ်ဆင့် ကျွန်ုပ်တို့ထံ အီးမေးလ် ပေးပို့နိုင်ပါသည်။